
# NEWSLETTER MAY26

Issue 21



+959897705377
comingfromkalaw@gmail.com
No. 50, Nawarat Road, 3rd Quarter
East Bogyone, Kalaw, Shan State



## "TASTE" Session 02: A Great Success!

What happens when a chef and an artist collaborate?

Our TASTE Session 02, held at ECHO Dining, has successfully come to an end. This was an experience that went beyond just tasting dishes, it allowed guests to perceive food and art simultaneously.

Based on the philosophy of "Why," Chef Orng shaped each dish like a work of art, reflecting artist Thyitar's performances, installation pieces, paintings, and life journey.

A special thank you to each and every person who joined us to experience art with all five senses.

## "TASTE" Session 02 အောင်မြင်စွာ ပြီးဆုံးခြင်း

စားဖိုမှူးတစ်ယောက်နဲ့ အနုပညာရှင်တစ်ယောက်ပူးပေါင်းလိုက်တဲ့အခါ ဘာတွေဖြစ်လာမလဲ?

ECHO Dining မှာ ကျင်းပခဲ့တဲ့ ကျွန်မတို့ရဲ့ TASTE Session 02 ဟာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ။ ဒါဟာဟင်းလျာတွေကို မြည်းစမ်းရုံတင်မကဘဲ အစားအစာနဲ့ အနုပညာကို တစ်ပြိုင်တည်း ခံစားသိရှိနိုင်ခဲ့တဲ့ အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်။

အနုပညာရှင် မသွိုင်တာရဲ့ Performance တင်ဆက်မှုတွေ၊ အင်စတော်လေးရှင်းလက်ရာတွေ ပန်းချီကားတွေနဲ့ ဘဝဖြတ်သန်းမှု အကြောင်းအရာတွေကို "ဘာကြောင့်" ဆိုတဲ့ အတွေးအခေါ်ကို အခြေခံပြီး Chef Orng က ဟင်းလျာတစ်ခုချင်းစီမှာ အနုပညာလက်ရာတစ်ခုလို ပုံဖော်ပေးခဲ့တာပါ။

အနုပညာကို အာရုံငါးပါးလုံးနဲ့ အတူတူ ခံစားပေးခဲ့ကြသူ တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးအထူးတင်ရှိပါတယ်။





## Together Kids Workshop (4.4.2026 - 5.4.2026)

On April 4th and 5th, Kyu Kyu, a prominent Myanmar contemporary female artist, conducted a short workshop aimed at boosting the creativity of children.

During the workshop, under the artist's guidance, the children transformed various objects they found in their environment into works of art. The children joyfully and actively collaborated on several creative projects, including painting dried tree branches to create art on canvas, painting faces on stones, and decorating glass and ceramic cups with vibrant colors.





## Together ကလေးများနှင့် သင်တန်းတို

ခေတ်ပြိုင်အနုပညာလက်ရာတွေကိုဖန်တီးနေတဲ့ မြန်မာ့ခေတ်ပြိုင် အမျိုးသမီးအနုပညာရှင်တစ်ဦးဖြစ်တဲ့ ဆရာမကြူကြူဟာ ကလေးတွေနဲ့အတူ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးဖို့ရည်ရွယ်တဲ့ သင်တန်းတို တစ်ခုကို ဧပြီလ ၄ ရက်နေ့နဲ့ ၅ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။

ကလေးတွေကိုယ်တိုင် ပတ်ဝန်းကျင်မှာရှာဖွေတွေ့ရှိလာတဲ့ ပစ္စည်းလေးတွေကို ဆရာမရဲ့လမ်းညွှန်မှုတွေနဲ့ အနုပညာလက်ရာအဖြစ် ပြောင်းလဲဖန်တီးခဲ့ကြပါတယ်။ သစ်ကိုင်းခြောက်များကို ဆေးရောင်ခြယ်ကာ ကမ်းဗက်ပေါ်မှာ အနုပညာလက်ရာများဖန်တီးခြင်း၊ ကျောက်တုံးတွေပေါ်မှာ မျက်နှာပုံစံများရေးခြယ်ခြင်း နဲ့ ဖန်ခွက်၊ ကြွေခွက်များကို ဆေးရောင်ခြယ်ခြင်း စတဲ့ဖန်တီးမှုတွေကို ကလေးတွေက ပျော်ရွှင်တက်ကြွစွာ အတူတကွလုပ်ဆောင်ခဲ့ကြပါတယ်။





ဆရာမကြူကြူရဲ့ လက်ရာတွေဟာ Modern Cubism အပေါ်မှာအခြေခံပါတယ်။ ဆရာမကြူကြူဟာ ပန်းချီအပြင် ပတ်ဝန်းကျင်ကနေရှာဖွေတွေ့ရှိတဲ့ အရာဝတ္ထုတွေကိုအသုံးပြုပြီး ခေတ်ပေါ်ပန်းပုနဲ့ အင်စတော်လေးရှင်း အနုပညာတွေလည်းကိုဖန်တီးတဲ့ ပါဖောမန့်အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။

ဆရာမကြူကြူရဲ့ “Together” တစ်ကိုယ်တော်ပန်းချီပြပွဲမှာ သူမရဲ့အတွေးမြင်တွေ ခံစားချက်တွေကို အရောင်သွေးစုံလင်တဲ့ အကွက်ငယ်လေးတွေ လိုင်းတွေ collage အပိုင်းတွေနဲ့ ပေါင်းစပ်ဖန်တီးထားတဲ့ လက်ရာတွေအပြင် ဧပြီ (၄) ရက်နဲ့ (၅)ရက်မှာပြုလုပ်မယ့် workshop ကနေပေါ်ထွက်လာတဲ့ ကလေး/လူငယ်လေးတွေရဲ့ ဖန်တီးမှုလက်ရာတွေကိုပါ အတူတူပြသပေးသွားမှာဖြစ်ပါတယ်။

ပြပွဲကိုတော့ ဧပြီလ (၈) ရက်နေ့မှ ဇွန်လ (၁၉) ရက်နေ့အထိ ComingFromKalaw_Art Space မှာပြသသွားမှာဖြစ်ပါတယ်။



## Together Exhibition

Kyu Kyu’s work is based on Modern Cubism. In addition to painting, she is a performance artist who creates contemporary sculpture and installation art using found objects from the environment.

In Kyu Kyu’s solo exhibition, "Together," her perspectives and emotions are beautifully combined through vibrant geometric blocks and lines. Alongside her masterpieces, the creative artworks crafted by children and youth during the workshop on April 4th and 5th will also be showcased.

The exhibition will be held at ComingFromKalaw_Art Space from April 8th to June 19th.





## ရေဆေးပန်းချီသင်တန်း ပြီးမြောက်ခြင်း

ရေဆေးပန်းချီသင်တန်းကို မတ်လ (၈) ရက်နေ့မှ မေလ (၂၄) ရက်နေ့အထိ အသက် (၁၀) နှစ်နှင့်အထက် အခြေခံဆွဲနည်းစနစ်ရှိထားပြီးသူ သင်တန်းသား (၁၈) ဦးဖြင့် စတင်ခဲ့တဲ့ကြပါတယ်။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရေဆေးပန်းချီ နည်းပညာရပ်များကို စနစ်တကျ လေ့လာကာ သင်တန်းကာလကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြပါတယ်။



## Completion of the watercolor painting class

The Watercolor Painting class ran from March 8th to May 24th with 18 students aged 10 and above who already had basic drawing skills. Every Sunday, they gradually practiced watercolor techniques and have now successfully completed the course.





## Completion of the 2nd Basic Drawing and Painting Class

Our 2nd Basic Drawing and Painting class was successfully held from March 6th to May 23rd. Throughout the course, 13 students worked hard, studied the principles of light and shadow, as well as basic drawing techniques, and have now successfully completed the training.

## ဒုတိယအကြိမ်မြောက် အခြေခံပန်းချီသင်တန်း ပြီးမြောက်ခြင်း

ဒုတိယအကြိမ်မြောက် အခြေခံပန်းချီသင်တန်း ကို မတ်လ (၆) ရက်နေ့မှ မေလ (၂၃) ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ သင်တန်းကာလအတွင်း ကြိုးစားအားထုတ်ခဲ့ကြသည့် သင်တန်းသား/သူ ၁၃ ယောက်သည် အလင်းအမှောင် သဘောတရားများနှင့် အခြေခံဆွဲနည်းစနစ်များကို လေ့လာခဲ့ကြပြီး သင်တန်းကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြပြီဖြစ်ပါတယ်။



# CFK Summer Studio 2026





We are happy to announce that the CFK Summer Studio 2026 art short courses and panel discussions, organized by Coming From Kalaw (CFK) with the support of the European Union (EU), have successfully wrapped up this May after four weeks.

These four short courses were designed to boost young people's creativity and create a space for sharing artistic experiences:




Coming From Kalaw (CFK) မှ ဥရောပသမဂ္ဂ (EU) ၏ ပံ့ပိုးကူညီမှုဖြင့် မေလအတွင်း ၄ ပတ်ကြာ ဖွင့်လှစ်ခဲ့တဲ့ CFK Summer Studio 2026 အနုပညာသင်တန်းတိုများနှင့် ဆွေးနွေးပွဲများသည် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ အသိပေးအပ်ပါတယ်။

ယခု သင်တန်းတို ၄ ခုတွင် လူငယ်များ၏ ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန်နှင့် အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြပါတယ် -



**Public Community Art (Collaborative Project):** Utilizing upcycled materials, participants collectively built a public sculpture that reflects the youth's perspectives and future aspirations for Kalaw.

Public Community Art (ပူးပေါင်းဖန်တီးမှု ပရောဂျက်): ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို အခြေခံ၍ ကလော မြို့အပေါ် ထားရှိသည့် လူငယ်များ၏ မျှော်လင့်ချက်များကို ပန်းပုလက်ရာအဖြစ် အတူတကွ ပုံဖော်ခဲ့ကြပါတယ်။




**Creative & Expression Workshop (Artis-Hood):** Participants explored rhythm and movement, coming together to engage in free, collaborative creative expressions.

**Flamenco Dance Workshop (Paola Santa Cruz):** Dancers mastered the rhythm and techniques of traditional Flamenco, culminating in an exciting fusion performance alongside local musicians.

**Documentary Storytelling (Thaiddhi & Soe Moe Aung):** Students learned the art of short documentary filmmaking, drawing inspiration from local narratives and personal lived experiences in Kalaw.



Creative & Expression Workshop (Artis-Hood): စည်းချက်နှင့် လှုပ်ရှားမှု များမှတစ်ဆင့် လွတ်လပ်စွာ အတူ ပူးပေါင်း တင်ဆက်မှုများ ပြုလုပ်ခဲ့ကြပါတယ်။



Flamenco Dance Workshop (Paola Santa Cruz): Flamenco အက၏ စည်းချက်နှင့် နည်းစနစ်များကို လေ့လာပြီး ဒေသခံတေးသံရှင်များနှင့်အတူ ပူးပေါင်းကပြဖျော်ဖြေခဲ့ကြပါတယ်။



Documentary Storytelling (Thaiddhi & Soe Moe Aung): ကလောမြို့၏ ဒေသတွင်းဖြစ်ရပ်များနှင့် ကိုယ်တွေ့ အတွေ့အကြုံများကို အခြေခံကာ မှတ်တမ်းတင်ရုပ်ရှင်တိုများ ဖန်တီးနည်းကို လေ့လာခဲ့ကြပါတယ်။

As the grand finale of the entire program, a special exhibition showcasing the hard work and creative outcomes of these talented young participants was held on May 30th and 31st at the ComingFromKalaw_Art Space, drawing a vibrant and enthusiastic crowd.

The CFK team extends our deepest gratitude to all the passionate young participants, local and guest artists, dedicated instructors, and everyone who supported us in making this initiative an incredible success.

သင်တန်းများ၏ နောက်ဆုံးပိတ် လှုပ်ရှားမှုအနေဖြင့် သင်တန်းသားလူငယ်များ၏ ကြိုးစားအားထုတ်မှုများနှင့် ဖန်တီးမှုရလဒ်များကို ပြသသည့် အထူးပြပွဲ (Exhibition) ကို မေလ (၃၀) ရက်နှင့် (၃၁) ရက်နေ့များတွင် ComingFromKalaw_Art Space ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယခုအစီအစဉ် အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် စိတ်အားထက်သန်စွာ ပါဝင်ခဲ့ကြသော သင်တန်းသားလူငယ်များ၊ ဒေသတွင်းနှင့် ဖိတ်ကြားထားသော အနုပညာရှင်များ၊ နည်းပြဆရာများနှင့်အတူ ပံ့ပိုးကူညီပေးခဲ့ကြသူအားလုံးကို CFK အဖွဲ့သားများမှ အထူးပင် ကျေးဇူးတင်ရှိပါတယ်။

**THANKS FOR READING. HAPPY PRIDE MONTH.**

**BEST REGARDS,**
**CFK**

